# ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာဥပဒေကြမ်း

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)

၁၃၈၁ ခုနှစ်၊               လ          ရက်

(၂၀၂၀ ပြည့်နှစ်၊               လ          ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) အမျိုးသားကော်မတီ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဂ) **ကော်မတီအဆင့်ဆင့်** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်များတွင် ဤဥပဒေအရ ဖွဲ့စည်းသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာကော်မတီ **အဆင့်ဆင့်**ကို ဆိုသည်။

(ဃ) **ရောဂါ** ဆိုသည်မှာ ခန္ဓာကိုယ်၏ ရောဂါပြီးခုခံအားစနစ် (Immune system) ကို ကျဆင်းမှုဖြစ်စေသော ကူးစက်ရောဂါပိုးကြောင့် ဖြစ်ပေါ်လာသော ရောဂါလက္ခဏာစု (Acquired Immune Deficiency Syndrome - AIDS) ကို ဆိုသည်။

(င) **ရောဂါပိုး** ဆိုသည်မှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါဖြစ်စေသော ပိုး (Human Immunodeficiency Virus-HIV) ကို ဆိုသည်။

(စ) **ရောဂါပိုးကူးစက်မှုအန္တရာယ်လျှော့ချရေးနည်းလမ်း** ဆိုသည်မှာ ကွန်ဒုံးအသုံးပြုခြင်းနှင့်ရောဂါပိုးကူးစက်နိုင်မှုနည်းပါးစေသော လိင်ဆက်ဆံမှု၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးနည်းလမ်းများ၊ ရောဂါပိုးရှိသော မိခင်မှသန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှုကို ကာကွယ်တားဆီးရေးနည်းလမ်းများနှင့် အခြားအန္တရာယ်လျှော့ချရေးနည်းလမ်းများကိုဆိုသည်။

(ဆ) **မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေး** ဆိုသည်မှာ မူးယစ်ဆေးသုံးစွဲခြင်း၏ နောက်ဆက်တွဲအန္တရာယ်များဖြစ်သော ရောဂါပိုးနှင့် အခြားယှဉ်တွဲရော

ဂါပိုးများ ကူးစက်ပျံ့နှံ့ခြင်းမှကာကွယ်ရန်နှင့် ကျန်းမာရေးနှင့်လူမှုရေးအန္တရာယ်များ လျော့ချရန် ပြည်သူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးအခြေပြုသည့် ဆောင်ရွက်ချက် ကို ဆိုလိုသည်။

(ဇ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရ သူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူများကို ကျန်းမာရေးပညာ ပေးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းအပါအဝင် ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့် ရှောက်ရေးနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုများကိုဆိုသည်။

(ဈ) **နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း** ဆိုသည်မှာ ရောဂါပိုးမစစ်ဆေးမီ၊ စစ်ဆေးပြီးနှင့် ဆေးကုသမှုခံယူနေစဉ် ကာလအတွင်း ရောဂါပိုး၏ သဘောသဘာဝ၊ စစ်ဆေးခြင်းမှ ရရှိလာသောအဖြေ၊ ကုထုံးများ၊ ရောဂါပိုးကူးစက်မှုအန္တရာယ်လျော့ချရေး နည်းလမ်း များနှင့် ရောဂါပိုးရှိသူ၏ ကြုံတွေ့ရင်ဆိုင်ရနိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်း ဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်ရန် တိုင်ပင်ဆွေးနွေးအကြံ ပေးခြင်းကိုဆိုသည်။

(ည) **ကျန်းမာရေးစောင့်ရှောက်မှုပေးသူ** ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင် ထားသည့် ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်၊ ရောဂါဗေဒပညာရှင်၊ သူနာပြု၊ သား ဖွားဆရာမနှင့် တရားဝင်ကျွမ်းကျင် လက်မှတ်ရရှိထားသည့် ကျန်းမာရေးဝန်ဆောင် မှုပေးသူကို ဆိုသည်။

(ဋ) **ရောဂါပိုးစစ်ဆေးခြင်း** ဆိုသည်မှာ ရောဂါပိုး သို့မဟုတ် ရောဂါပိုးဆိုင်ရာ ပဋိပစ္စည်း များ (HIV Antigens or HIV Antibodies) ရှိ မရှိ စမ်းသပ် စစ်ဆေးခြင်းကိုဆိုသည်။

(ဌ) **အသိပညာပေးပစ္စည်းများ** ဆိုသည်မှာ ရောဂါပိုးကူးစက်ခြင်းဆိုင်ရာ အကြောင်းအရာ များသိရှိနားလည်မှုကို မြှင့်တင်ရန်ရည်ရွယ်သည့် ရေးသားချက်၊ ရုပ်ပုံ၊ ပုံစံ၊ ခတ်ပုံ နှင့် ပညာပေးသရုပ်ပြ အထောက်အကူပြုပစ္စည်းများ၊ ရုပ်ရှင်နှင့်ဗီဒီယို ဇာတ်လမ်းများ နှင့် အီလက်ထရောနစ် နည်းပညာဖြင့် ဖန်တီးထားသော တင်ဆက်မှုများကိုဆိုသည်။

(ဍ) **ရောဂါပိုးရှိသူ** ဆိုသည်မှာ သွေးစစ်ဆေးချက်အရ ရောဂါပိုးကူးစက်ခံထားရသူကို ဆိုသည်။

(ဎ) **ဆက်နွယ်ထိခိုက်ခံရသူ** ဆိုသည်မှာ ရောဂါပိုးရှိသူ၏ လိင်ဆက်ဆံဖက်များနှင့် အတူ နေမိသားစုဝင်များကို ဆိုသည်။

(ဏ) **ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူများ** ဆိုသည်မှာ လိင်ဝိသေသလက္ခ ဏာနှင့် လိင်စိတ်ခံယူမှုအရ ပြုမူနေထိုင်သူများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း

လဲစေသော ဆေးဝါးသုံးစွဲသူများ၊ လိင်လုပ်သားများ၊ အချုပ် သို့မဟုတ် ထောင်ဒဏ် ကျခံနေရသူများ၊ ရွှေ့ပြောင်းလုပ်သားများကိုဆိုသည်။

(တ) **ရောဂါပိုးနှင့် ဆက်စပ်သောသတင်းအချက်အလက်** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(၁) သူတစ်ဦးသည် အသက်ရှင်ဆဲဖြစ်စေ၊ ကွယ်လွန်ပြီးဖြစ်စေ၊ ရောဂါပိုးရှိသူ သို့မဟုတ် ရောဂါရှိသူ သို့မဟုတ် ရောဂါပိုး ရှိ မရှိ စစ်ဆေးခံပြီးသူဖြစ်ကြောင်း သတင်းအချက်အလက်၊

(၂) သူတစ်ဦးသည် ၎င်း၏ လိင်ဝိသေသလက္ခဏာနှင့် လိင်စိတ်ခံယူမှုအရ ပြုမူ နေထိုင်သူဖြစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်လုပ်သားဖြစ်ခြင်း စသည် တို့နှင့် ဆက်စပ်နေသော သတင်းအချက်အလက်။

(ထ) **လိင်ဝိသေသလက္ခဏာ** (Gender Identity) ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ အတွင်းစိတ်က မိမိကိုယ်မိမိ ခံယူထားသည့်အတိုင်း လိင်ဝိသေသ ဖော်ပြချက်ကို ဆိုသည်။

(ဒ) **လိင်စိတ်ခံယူမှု** (Sexual Orientation) ဆိုသည်မှာ အခြားသူတစ်ဦးအပေါ် (လိင်တူ ဖြစ်စေ၊ လိင်ကွဲဖြစ်စေ၊ လိင်တူလိင်ကွဲ နှစ်မျိုးလုံးကိုဖြစ်စေ) ချစ်ခင်စိတ်၊ စွဲလမ်းစိတ်၊ တိမ်းညွှတ်စိတ် ရှိနေခြင်းကို ဆိုသည်။

(ဓ) **လိင်လုပ်သား** ဆိုသည်မှာ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေအခကြေးငွေယူ၍ လိင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကိုဆိုသည်။

(န) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနကိုဆိုသည်။

(ပ) **လိင်ဆက်ဆံဖက်** ဆိုသည်မှာ တရားဝင် အိမ်ထောင်ဖက်၊ ပုံမှန်အတူတကွ ပေါင်းသင်း နေထိုင်သူ သို့မဟုတ် အိမ်ထောင်ဖက်ကဲ့သို့ ပြုမူဆက်ဆံနေထိုင်သူကို ဆိုသည်။

(ဖ) **ကွန်ရက်** ဆိုသည်မှာ အုပ်စုတူ ဘဝတူများအတွက် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှု ရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် လက်တွဲဆောင်ရွက်နိုင်ရန် ချိတ်ဆက်ဖွဲ့ စည်းထားသည့်အသိုက်အဝန်းကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရောဂါပိုးရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ရောဂါကူးစက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်မှုရှိစေရန်၊

(ခ) ရောဂါပိုးရှိသူများသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိခြင်းဖြင့် ရောဂါပိုးကို ထိန်းချုပ်နိုင်ပြီး ကျန်းမာစွာ အသက်ဆက်လက်ရှင်သန်ခွင့်၊ ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကြစေရန်၊

(ဂ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရောဂါပိုးရှိသူများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေရန်၊

(ဃ) အကြောင်းအမျိုးမျိုးကြောင့် ဖွင့်ဟပြောဆိုရန် အခက်အခဲရှိသည့် ရောဂါပိုးရှိသူများ အပါအဝင် ဆက်နွယ်ထိခိုက်ခံရသူနှင့် ရောဂါပိုး ကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူများ အားလုံး ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိကြစေရန်။

## အခန်း (၃)
## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ခုခံအားကျဆင်းမှုရောဂါ တားဆီးကာကွယ်ရေးနှင့်ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၁) စီမံချက်မန်နေဂျာ အဖွဲ့ဝင်
ခုခံအားကျဆင်းမှုနှင့်ကာလသားရောဂါ
တိုက်ဖျက်ရေးစီမံချက်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၂) ခုခံအားကျဆင်းမှုရောဂါ အဖွဲ့ဝင်
တားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊
ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ
လုပ်ငန်းများတွင် စိတ်ပါဝင်စားသော
လူထုအခြေပြု အဖွဲ့အစည်းများမှ
ရွေးချယ်ပေးသည့် ကိုယ်စားလှယ် လေးဦး

(၁၃) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် သုတေသနပြုခြင်း၊ ကျွမ်းကျင်သူဖလှယ်ခြင်း၊ လေ့ကျင့်မှုပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် အထောက်အထားအပေါ် အခြေခံသည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊

(ဂ) ရောဂါပိုးထိန်းဆေးကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန်အားပေးခြင်းနှင့် အရည်အသွေးမီ ဈေးနှုန်းသင့်တင့်သော ရောဂါပိုးထိန်းဆေးများကို ရောဂါပိုးရှိသူတိုင်း ရရှိသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဃ) တာဝန်ထမ်းဆောင်မှုနှင့် စပ်လျဉ်းသည့် မတော်တဆ ဖြစ်ရပ်များကြောင့် ရောဂါပိုးကူးစက်ခံရသူများကို ကုသစောင့်ရှောက်ခြင်းနှင့် ထောက်ပံ့မှုပေးခြင်း၊

(င) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေပြု၍ ဆောင်ရွက်စေခြင်း၊

(စ) ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ် ပိုမိုမြင့်မားသူများ၏ အခွင့်အရေးအား အကာအကွယ်ပေးနိုင်မည့်စီမံချက်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် နည်းလမ်းအတွေ့အကြုံများ မျှဝေပေးခြင်း၊ အထိမ်းအမှတ်ပွဲများ ပြုလုပ်စေခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုများ ပြုလုပ်စေခြင်း၊

(ဆ) မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စီမံချက်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ် ပိုမိုမြင့်မားသူများ ပါဝင်စေရန် အားပေးမြှင့်တင်ခြင်း၊

(ဇ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သူတို့အကြား ညှိနှိုင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊

(ဈ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ရန်ပုံငွေများနှင့် လူ့စွမ်းအား အရင်းအမြစ်ပံ့ပိုးမှုများ၊ နည်းပညာများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ည) ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှု သုံးသပ်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ရဲတပ်ဖွဲ့ဝင်များနှင့် အကျဉ်းထောင်ဝန်ထမ်းများအပါအဝင် ဤဥပဒေနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများကို ရောဂါကာကွယ်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ လိုအပ်သည့် စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် ပံ့ပိုးပေးခြင်း၊

(ဌ) ရောဂါပိုးရှိသူများအား ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း၊

(ဍ) လိုအပ်သော လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ဎ) ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်ချုပ်အစီရင်ခံစာ တင်ပြခြင်း။

၆။ အမျိုးသားကော်မတီသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်နှင့် မြို့နယ်များတွင် **ခုခံအားကျဆင်းမှုရောဂါတားဆီး ကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ** ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ခ) ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ကော်မတီအလိုက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးဖြင့် တာဝန် ပေးအပ်နိုင်သည်။

(ဂ) ကော်မတီအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီအဆင့်ဆင့်ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)
## တာဝန်နှင့် ရပိုင်ခွင့်များ

၇။ ရောဂါပိုးရှိသူသည် အောက်ပါအတိုင်း တာဝန်ရှိသည်-

(က) မိမိတွင် ရောဂါပိုးရှိသည်ဟု သိရှိပြီးနောက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းကို ခံယူခြင်း။

(ခ) ရောဂါပိုး၏သဘာဝနှင့်ကူးစက်ပြန့်နှံ့ပုံကို သိရှိပြီး အခြားသူများသို့ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရောဂါပိုးကူးစက်မှုအန္တရာယ် လျှော့ချရေးနည်းလမ်းများကို လိုက်နာခြင်း။

(ဂ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။

(ဃ) ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာတွင် လိုအပ်ပါက မိမိတွင် ရောဂါပိုးကူးစက်ခံနေရကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း။

(င) မိမိတွင် ရောဂါပိုးကူးစက်ခံရကြောင်း စစ်ဆေးမှုရလဒ်ကို ဇနီး သို့မဟုတ် ခင်ပွန်း၊ ဇနီးလောင်း သို့မဟုတ် ခင်ပွန်းလောင်းသို့ အသိပေးခြင်း။

(စ) ရောဂါပိုးထိန်းဆေးကုထုံးနှင့် ပတ်သက်သော ညွှန်ကြားချက်များကို လိုက်နာခြင်း။

(ဆ) အခြားသူများအား ကူးစက်စေလိုသော ရည်ရွယ်ချက်ဖြင့် ပြုမူဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၈။ (က) ရောဂါပိုးရှိသူသည် အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်-

(၁) မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှု ခံယူပြီး ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးခွင့်၊

(၂) ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် ကွန်ဒုံးအသုံးပြုခြင်းအပါအဝင် ရောဂါ ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၃) ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြန့်ဝေခြင်း၊ သိမ်းဆည်းပေးခြင်း အစီအစဉ်နှင့် မူးယစ်ဆေး အစားထိုးကုထုံးအပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ် လျှော့ချရေးဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၄) ရောဂါပိုးရှိသော မိခင်မှ သန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများကို ရပိုင်ခွင့်၊

(၅) ခုခံအားကျဆင်းမှု အခြေအနေကြောင့် ဝင်ရောက်လာသော ရောဂါ (Opportunistic Infection) များအတွက် ဆေးဝါးများ ရယူသုံးစွဲခွင့်၊

(၆) အာဟာရဆိုင်ရာ ဖြည့်စွက်အစာများ ရယူသုံးစွဲခွင့်၊

(၇) ရောဂါပိုးထိန်းဆေး (Antiretroviral drugs)၊ အခြားလိုအပ်သော ဆေးဝါးများနှင့် ရောဂါရှာဖွေရေးဆိုင်ရာ နည်းပညာအကူအညီများ ရပိုင်ခွင့်၊

(၈) ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အများနည်းတူ ရပိုင်ခွင့်၊

(၉) ရောဂါပိုးရှိကြောင်းကို ဇနီး သို့မဟုတ် ခင်ပွန်း၊ ဇနီးလောင်း သို့မဟုတ် ခင်ပွန်းလောင်းတို့မှအပ အခြားသူများသို့ ဖွင့်ဟပြောဆိုခြင်းမပြုဘဲ မိမိဆန္ဒအလျောက် အတွင်းရေးအဖြစ် ထားပိုင်ခွင့်။

(ခ) ဆက်နွယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမို မြင့်မားသူများသည် အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်-

(၁) မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှု ခံယူပြီး ရောဂါပိုး ရှိ မရှိ စမ်းသပ် စစ်ဆေးသုံးစွဲခွင့်၊

(၂) ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် ကွန်ဒုံးအသုံးပြုခြင်းအပါအဝင် ရောဂါ ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၃) ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြန့်ဝေခြင်း၊ သိမ်းဆည်းပေးခြင်း အစီအစဉ်နှင့် မူးယစ်ဆေးအစားထိုးကုထုံးအပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျော့ချရေးဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၄) ရောဂါပိုးရှိသော မိခင်မှ သန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများကို ရပိုင်ခွင့်၊

(၅) ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အများနည်းတူ ရပိုင်ခွင့်။

၉။ သို့ရာတွင် အချုပ် သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူများသည် ရောဂါပိုးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို သတ်မှတ်ချက်များနှင့်အညီသာ ရပိုင်ခွင့်ရှိသည်။

## အခန်း (၆)
## သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း

၁၀။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည်-

(က) ရောဂါပိုးစစ်ဆေးတွေ့ရှိချက်ကို အောက်ပါပုဂ္ဂိုလ်များထံ ထုတ်ဖော်ပြောဆိုနိုင်သည်-

(၁) ရောဂါပိုးစစ်ဆေးခံသူ၊

(၂) ရောဂါပိုး စစ်ဆေးရန် သဘောတူညီချက်ပေးသူ။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အခြားကျန်းမာရေးစောင့်ရှောက်မှုပေးသူထံသို့ ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခွင့်ရှိသည်-

(၁) ရောဂါပိုး စစ်ဆေးခံသူ၏ အကျိုးငှာ ထုတ်ဖော်ပြောဆိုမှုဖြစ်ခြင်း၊

(၂) ကုသမှု၊ ပြုစုစောင့်ရှောက်မှု၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှုနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ရန် လိုအပ်သည့် အခြေအနေဖြစ်ခြင်း၊

(၃) မိခင်မှ ကလေးသို့ ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် လိုအပ်သည့် အခြေအနေဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ အခြားကျန်းမာရေး စောင့်ရှောက်မှုပေးသူ တစ်ဦးထံသို့ ရောဂါပိုးနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်းမပြုမီ ရောဂါပိုးရှိသူ ကာယကံရှင်အား ကြိုတင်အသိပေးရမည်။

(ဃ) ရောဂါပိုးနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို အောက်ပါအခြေအနေများတွင် ထုတ်ဖော်ပြောဆိုခွင့်ရှိသည်-

(၁) တရားစီရင်ရေးတွင် တရားမျှတမှုရှိစေရန်နှင့် အထောက်အကူဖြစ်စေရန် လိုအပ်ခြင်း၊

(၂) မည်သူ့ထံမှ ရရှိသော သတင်းအချက်အလက်ဖြစ်သည်ကို သိရှိနိုင်ခြင်းမရှိသော သုတေသန သို့မဟုတ် စစ်တမ်းကောက်ယူခြင်းမှ ရရှိသည့် သတင်းအချက်အလက်ဖြစ်ခြင်း။

၁၁။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပညာပေးသူသည် ရောဂါပိုးရှိသူ၏ လိင်ဆက်ဆံဖက်အား ထိုသူ ရောဂါပိုးကူးစက်ခံထားရကြောင်း အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အသိပေးပြောကြားနိုင်သည်-

(က) ရောဂါပိုးရှိသူက စာဖြင့်ရေးသား သဘောတူခဲ့လျှင် သို့မဟုတ် ရောဂါပိုးရှိသူ သတိလစ်မေ့မြောနေလျှင် သို့မဟုတ် သတိပြန်လည်ရရှိနိုင်ဖွယ်မရှိလျှင် သို့မဟုတ် သဘောတူညီမှုပေးနိုင်စွမ်းမရှိလျှင်၊

(ခ) ရောဂါပိုးရှိသူက ၎င်း၏ လိင်ဆက်ဆံဖက်အား အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ကိုယ်တိုင်အသိမပေးလျှင် သို့မဟုတ် စာဖြင့် သဘောတူခွင့်ပြုချက် မပေးလျှင် -

(၁) အဆိုပါရောဂါပိုးရှိသူကို အပြုအမူဆိုင်ရာ ပြောင်းလဲစေရန် ဆွေးနွေးအကြံပေးသော်လည်း အောင်မြင်မှုမရရှိသည့် အခြေအနေ၊

(၂) ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ အပြုအမူဆိုင်ရာ စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များနှင့် ကိုက်ညီသည့် အခြေအနေ။

၁၂။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပညာပေးသူသည် တစ်ဦးတစ်ယောက်သောသူအား ယင်း၏လိင်ဆက်ဆံဖက်တွင် ရောဂါပိုးရှိကြောင်းကို ပညာပေးဆွေးနွေးပြီးမှသာ အသိပေးရမည်။

## အခန်း (၇)
## မိမိဆန္ဒအလျောက်ပေးသော သဘောတူညီချက်

၁၃။ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ဦးသည် ဤဥပဒေပါကိစ္စရပ်များနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် မိမိသဘောဆန္ဒအရ ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့် ရှိသည်။

၁၄။ အသက် ၁၈ နှစ် မပြည့်သူတစ်ဦးသည် -

(က) သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ သဘောသဘာဝ၊ အကျိုးဆက်နှင့်ဘေးအန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ စစ်ဆေးသတ်မှတ်ခြင်း ခံရသူဖြစ်ပါက မိမိသဘောဆန္ဒအလျောက်ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့်ရှိသည်၊

(ခ) သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ယင်းတို့၏သဘောသဘာဝ၊ အကျိုးဆက်နှင့်ဘေးအန္တရာယ်များကိုနားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းမရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ စစ်ဆေးသတ်မှတ်ခြင်း ခံရသူဖြစ်ပါက ထိုသူ၏မိဘ သို့မဟုတ် ၎င်းအား ထိန်းသိမ်းစောင့်ရှောက်သူက ၎င်းကိုယ်စား ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့် ပေးနိုင်သည်။

၁၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် ရောဂါပိုးစစ်ဆေးခံမည့်သူ၏ ကိုယ်စား ထိုသူ၏ အိမ်ထောင်ဖက်၊ မိဘ၊ အရွယ်ရောက်ပြီးသူ မိသားစုဝင်တစ်ဦးဦး၊ အနီးစပ်ဆုံးဆွေမျိုး၊ သေတမ်းစာအရ ဆောင်ရွက်ပိုင်ခွင့်ရှိသူ တစ်ဦးဦးထံမှ သဘောတူညီချက်ကို စာဖြင့်ရယူ၍ ရောဂါပိုး ရှိ မရှိ စစ်ဆေးရမည် -

(က) ရောဂါပိုး စစ်ဆေးခံမည့်သူသည် သေဆုံးသူဖြစ်ခြင်း၊

(ခ) ရောဂါပိုးစစ်ဆေးခံမည့်သူသည် အသက် ၁၈ နှစ် အောက်ဖြစ်ပြီး မိမိပြုလုပ်ရမည့် ရောဂါပိုးစစ်ဆေးမှု၏ သဘောသဘာဝ၊ အကျိုးဆက်နှင့် ဘေးအန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ရောဂါပိုးစစ်ဆေးခံရမည့်သူသည် မသန်စွမ်းသူတစ်ဦးဖြစ်ခြင်း၊

(ဃ) ရောဂါပိုးစစ်ဆေးခံရမည့်သူသည် စိတ်ကျန်းမာရေး ချို့တဲ့သူ တစ်ဦးဖြစ်ခြင်း။

၁၆။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် တစ်ဦးတစ်ယောက် သတိလစ်မေ့မြောနေလျှင် ဖြစ်စေ၊ ထိုသူသည် သဘောတူညီချက် ပေးနိုင်စွမ်းမရှိလျှင်ဖြစ်စေ၊ ထိုသူ၏ကိုယ်စား သဘောတူခွင့်ပြုချက်ပေးနိုင်မည့်သူ မရှိလျှင်ဖြစ်စေ ထိုသူတွင် ရောဂါပိုး ရှိ မရှိ စစ်ဆေးနိုင်သည် သို့မဟုတ် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

## အခန်း (၈)
## ရောဂါပိုးစစ်ဆေးခြင်း

၁၇။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် -

(က) ရောဂါပိုးစစ်ဆေးမှုမပြုမီနှင့် စစ်ဆေးပြီးနောက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း တို့ကို ရောဂါပိုးစစ်ဆေးခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရောဂါပိုးစစ်ဆေးရာတွင် ဝန်ကြီးဌာန၏ ရောဂါပိုးစစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ရောဂါပိုး အတည်ပြုစစ်ဆေးခြင်းရလဒ်ကို ဆောလျင်စွာရရှိစေရန် ဆောင်ရွက်၍ စနစ်တကျ လျှို့ဝှက် ထိန်းသိမ်းရမည်။

၁၈။ သက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သွေးသွင်းရန်လှူဒါန်းသော သွေးနှင့် သွေးပစ္စည်းများကို ရောဂါပိုး ရှိ မရှိ စစ်ဆေးရာတွင် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၁၉။ မည်သူမျှ ရောဂါပိုးရှိသူ သို့မဟုတ် ဆက်နွယ်ထိခိုက်ခံရသူ သို့မဟုတ် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ် ပိုမိုမြင့်မားသူ တစ်ဦးဦးကို ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ အောက်ပါ ပြုမူလုပ်ဆောင်ချက်တစ်ရပ်ရပ်ကို မပြုရ -

(က) ကျန်းမာရေးဝန်ဆောင်မှုပေးရန် ငြင်းဆိုခြင်း၊ ကန့်သတ်ခြင်းနှင့် ရပ်စဲခြင်း၊

(ခ) သီးခြားထားခြင်း၊ ခွဲခြားထားခြင်း၊

(ဂ) ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အဖိုးအခကို သတ်မှတ်နှုန်းထက်ပို၍ တောင်းခံခြင်း။

၂၀။ မည်သူမျှ ရောဂါပိုးရှိသူ သို့မဟုတ် ဆက်နွယ်ထိခိုက်ခံရသူ သို့မဟုတ် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ်ပိုမိုမြင့်မားသူ တစ်ဦးဦးကို -

(က) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက သတ်မှတ်ထားသော ဌာနများမှတစ်ပါး အောက်ပါ ပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) အလုပ်ခန့်အပ်ရန် ရွေးချယ်မည့် အစီအစဉ်နှင့် ကြော်ငြာများတွင် သီးခြားဖော်ပြခြင်း၊

(၂) အလုပ်အကိုင်အတွက် သီးခြားစည်းကမ်းသတ်မှတ်ချက်များ ဖော်ပြခြင်း၊

(၃) အလုပ်ခန့်အပ်ရန်ငြင်းဆန်ခြင်း၊ အလုပ်မှရပ်စဲခြင်း၊ လုပ်ငန်းခွင်မှ အတင်းအကြပ် ပြောင်းခိုင်းခြင်း၊ ရာထူးတိုးပေးရန် ငြင်းဆန်ခြင်း၊ သင်တန်းတက်ရောက်ခွင့် မပြုခြင်းနှင့် တရားဝင်အကျိုး ခံစားခွင့်များကို အာမခံရန် ပျက်ကွက်ခြင်း၊

(ခ) ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါပြုမူ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) ကျောင်းအပ်ခြင်း သို့မဟုတ် ဝင်ခွင့်လျှောက်ထားခြင်းကို ကန့်သတ်ခြင်း၊ ငြင်းပယ်ခြင်း၊

(၂) အကျိုးခံစားခွင့်၊ ဝန်ဆောင်မှု သို့မဟုတ် အထောက်အပံ့ပစ္စည်းအား ရယူ အသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် အကန့်အသတ်ဖြစ်စေခြင်း၊

(၃) သီးသန့်ခွဲခြားထားခြင်း၊ ချန်လှပ်ထားခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(၄) ရောဂါပိုးစစ်ဆေးပေးရန်နှင့် စစ်ဆေးမှုရလဒ်ပေးရန် တောင်းဆိုခြင်း။

(ဂ) အချုပ်ခန်း သို့မဟုတ် အကျဉ်းထောင်များတွင် အောက်ပါပြုမူဆောင်ရွက်ချက်တစ် ရပ်ရပ်ကို မပြုရ -

(၁) လုပ်ထုံးလုပ်နည်းများမှ ကျော်လွန်၍ ကန့်သတ်ခြင်း၊

(၂) လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိခံစားခွင့်ကို ငြင်းပယ်ခြင်း၊ ကန့်သတ်ခြင်း၊

(၃) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခံစားခွင့်ကို ငြင်းပယ်ခြင်း၊ ကန့်သတ် ခြင်း၊

(၄) အချုပ် သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူများအား ခိုင်လုံသော အကြောင်း ပြချက် မရှိဘဲ ခွဲခြားထားခြင်း။

(ဃ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဧည့်ဂေဟာ၊ အဆောင်၊ သင်တန်းကျောင်းနှင့် အခပေးငှားရမ်းသုံးစွဲသည့် အဆောက်အဦစသည့် နေထိုင်သောနေရာများတွင် နေရာ ထိုင်ခင်းပေးရန် သို့မဟုတ် ဆက်လက်ပေးအပ်ရန် ငြင်းပယ်ခြင်း မပြုရ။

(င) လူမှုအသိုက်အဝန်းနှင့်စပ်လျဉ်း၍ အောက်ပါပြုမူဆောင်ရွက်ချက် တစ်ရပ်ရပ်ကို မပြုရ-

(၁) လူမှုအသိုက်အဝန်းတွင် နေထိုင်ခွင့်ပြုရန်နှင့် ဆက်လက်နေထိုင်ခွင့်ပြုရန် ငြင်း ပယ်ခြင်း၊

(၂) လူမှုအသိုက်အဝန်းတွင် နေထိုင်ခြင်း သို့မဟုတ် ဆက်လက်နေထိုင်ခြင်းကို ခွင့်ပြုရာ၌ သီးခြားသတ်မှတ်ချက်များထားရှိခြင်း၊

(၃) နေထိုင်ရာနေရာ သို့မဟုတ် လူမှုအသိုက်အဝန်းမှ နှင်ထုတ်ခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော နေရာဌာနများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများ ရယူအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို မပြုရ -

(၁) ပေးအပ်ရန် ငြင်းဆန်ခြင်း၊

(၂) သီးခြား စည်းကမ်းများ သတ်မှတ်ခြင်း၊

(၃) အသုံးပြုခြင်းကို ရုပ်သိမ်းခြင်း သို့မဟုတ် ထောက်ပံ့မှုကို လျှော့ချဖြတ်တောက်ခြင်း။

၂၁။ မည်သူမျှ အသက်အာမခံထားရှိခြင်းနှင့်စပ်လျဉ်း၍ ရောဂါပိုးရှိသူအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းမှတစ်ပါး ခွဲခြားသတ်မှတ်ဆောင်ရွက်ခြင်း မပြုရ။

၂၂။ မည်သူမျှ တစ်ဦးတစ်ယောက်အား ရောဂါပိုးရှိနေသည် သို့မဟုတ် ရောဂါပိုးကြောင့် ဆက်နွယ်ထိခိုက်ခံစားနေရသည်ကို အကြောင်းပြု၍ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုရ။

၂၃။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေး ပညာပေးသူသည် -

(က) ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို အောက်ပါအခြေအနေများမှတစ်ပါး ထုတ်ဖော်ပြောဆိုခြင်း မပြုရ -

(၁) သတင်းအချက်အလက်နှင့် ဆက်နွယ်ပတ်သက်နေသူက ၎င်း၏ ဆန္ဒအလျောက် သဘောတူညီချက်ပေးခြင်း။

(၂) ဤဥပဒေနှင့်အညီ ထုတ်ဖော်ပြောဆိုခွင့် ရှိခြင်း။

(ခ) ပုဒ်မခွဲ (က) (၁) အရ ပေးသော သဘောတူညီချက်ကို စာဖြင့် မှတ်တမ်းတင်ထားရှိရမည်။

၂၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးမှုပေးသူသည် တစ်ဦးတစ်ယောက်သောသူ၏ သွေးနမူနာကို ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ သို့မဟုတ် တရားရုံး၏အမိန့်မှတစ်ပါး ထိုသူ၏ဆန္ဒအလျောက်ပေးသော သဘောတူခွင့်ပြုချက်မရရှိဘဲ ရောဂါပိုး ရှိ မရှိ စစ်ဆေးခြင်း မပြုရ။

၂၅။ မည်သူမျှ-

(က) ရောဂါပိုးကူးစက်မှုအန္တရာယ်လျှော့ချရေးနည်းလမ်းလုပ်ငန်းစဉ် တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်နေသူတစ်ဦးဦးကို ယင်းတာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဖမ်းဆီးခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုရ၊

(ခ) ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူသုံးစွဲရာတွင် ထိုသူတို့၏ လိင်ဝိသေသလက္ခဏာနှင့် လိင်စိတ်ခံယူမှု သို့မဟုတ်၊ လိင်လုပ်သားဖြစ်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူဖြစ်ခြင်းကို အကြောင်းပြု၍ ဥပဒေနှင့်အညီမှတစ်ပါး ဖမ်းဆီးခြင်း၊ ထိန်းသိမ်းချုပ်နှောင်ခြင်း၊ တစ်စုံတစ်ရာသော

နည်းလမ်းဖြင့် အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုရ။

၂၆။ မည်သူမျှ ရောဂါပိုးနှင့်ဆက်စပ်သော သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဝေဖြန့်ချီခြင်း မပြုရ။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူ ဆောင်ရွက်ခြင်း

၂၇။ အခန်း(၉)ပါ ပြုမူဆောင်ရွက်ခြင်း မပြုရမည့် ကိစ္စတစ်ရပ်ရပ်ကို ပြုမူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များနှင့်ပတ်သက်၍ နစ်နာသူသည် သက်ဆိုင်ရာ မြို့နယ်ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားနိုင်သည်။

၂၈။ ပုဒ်မ ၂၈ အရ တိုင်ကြားမှုကို လက်ခံရရှိသော မြို့နယ်ကော်မတီသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပြီး အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) တိုင်ကြားထားသော ကိစ္စရပ်နှင့်စပ်လျဉ်းသည့် လုပ်ရပ် သို့မဟုတ် အပြုအမူကို ဆက်လက် လုပ်ဆောင်ခြင်း မပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(ခ) အလုပ်အကိုင်ခန့်ထားစေခြင်း၊ အလုပ်အကိုင်ပြန်လည်ခန့်ထားစေခြင်း၊ ရာထူးတိုးမြှင့်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်များ ပြန်လည်ရရှိခံစားစေခြင်း၊

(ဂ) ဤဥပဒေကို ဆန့်ကျင်၍ ချုပ်ဆိုထားသော စာချုပ် သို့မဟုတ် သဘောတူညီချက်အား ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်စေခြင်း။

၂၉။ (က) မြို့နယ်ကော်မတီက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိသူသည် အမိန့်စာမိတ္တူမှန် ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ကော်မတီသို့ အယူခံနိုင်သည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီသည် မြို့နယ်ကော်မတီ၏အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၀။ (က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ကော်မတီက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကော်မတီသို့ အမိန့်စာ မိတ္တူမှန်ထုတ်ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ကော်မတီ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မတီက ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိသူသည် အမျိုးသားကော်မတီသို့ အမိန့်စာမိတ္တူမှန်ထုတ် ယူသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) အမျိုးသားကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကော်မတီ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အမျိုးသားကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၂။ ကော်မတီအဆင့်ဆင့်သည် မိမိ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် လိုက်နာဆောင်ရွက်ခြင်း မပြုသည့် ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၃၃။ (က) အမျိုးသားကော်မတီသည် ကော်မတီအဆင့်ဆင့်၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုသူအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းထံ အမှုတွဲကို လွှဲပြောင်းပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လွှဲပြောင်းပေးပို့လာသည့် အမှုတွဲကို လက်ခံရရှိသော အစိုးရဌာန အဖွဲ့အစည်းသည် အရေးယူဆောင်ရွက်ပြီးစီးမှုကို အမျိုးသားကော်မတီသို့ ပြန်ကြားပေးရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ (က) မည်သူမျှ ဤဥပဒေပါ ကိစ္စရပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းနှင့် သက်သေအဖြစ် လိုက်ပါ ဆောင်ရွက်ခြင်းတို့အပေါ် ထိုသူအား ပိတ်ပင်ခြင်း၊ တားဆီးခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း

၃၅။ အမျိုးသားကော်မတီသည် ဤဥပဒေပါလုပ်ငန်းများကိုထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိနိုင်သည်-

(က) ဝန်ကြီးဌာနမှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးထောက်ပံ့ငွေများ၊ လှူဒါန်းငွေများ၊

(ဂ) အခြားရငွေများ။

၃၆။ အမျိုးသားကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်။

၃၇။ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေစာရင်းရှင်းတမ်းများပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၃၈။ အမျိုးသားကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၃)

## အထွေထွေ

၃၉။ အမျိုးသားကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် ရောဂါပိုးတားဆီးကာကွယ်ထိန်းချုပ်ရေး သတင်းအချက်အလက်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ လက်လှမ်းမီရောက်ရှိစေရန် ဦးစားပေး ဆောင်ရွက်ရမည်-

(က) ရောဂါပိုးကူးစက်ခံရသူများနှင့် ၎င်းတို့၏မိသားစုများ၊

(ခ) မူးယစ်ဆေးဝါးသုံးစွဲသူများ၊

(ဂ) လိင်လုပ်သားများ၊

(ဃ) လိင်တူဆက်ဆံသူများ၊

(င) လိင်မှတစ်ဆင့် ကူးစက်သော ရောဂါရှိသူများ၊

(စ) ရွှေ့ပြောင်းလုပ်သားများ၊

(ဆ) ကိုယ်ဝန်ဆောင်များ၊

(ဇ) ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သူများ၊ လူမှုစီးပွားအခြေအနေ အထူးနိမ့်ကျသူများနှင့် အခြားရောဂါပိုးကူးစက်ရန် အခွင့်အလမ်းများသူများ။

၄၀။ တရားသူကြီးသည် ရောဂါပိုးရှိသူနှင့် ဆက်နွယ်ထိခိုက်ခံရသူများနှင့် သက်ဆိုင်သည့် အမှုများတွင် အမှုစစ်ဆေးသည့်နေရာ၌ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ အမှုနှင့်တိုက်ရိုက်သက်ဆိုင်သူများနှင့် ခွင့်ပြုထားသူမှ တစ်ပါး အခြားမည်သူမျှ မရှိစေရန် ညွှန်ကြားနိုင်သည်။

၄၁။ အမျိုးသားကော်မတီသည် ရောဂါကျွမ်းနေ သူတစ်ဦးကို တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရှိပါက ထိုသူအား ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ပြစ်ဒဏ်လျှော့ချခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ တင်ပြနိုင်သည်။

၄၂။ ဝန်ကြီးဌာနက ခွင့်ပြုထားသော ရောဂါပိုးကူးစက်မှုဆိုင်ရာ အသိပညာပေးခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသောပစ္စည်းများ၊ အပြုအမူနှင့် ဝေါဟာရ စကားလုံးများကို ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် အရေးယူခြင်း မရှိစေရ။

၄၃။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို တာဝန်အရ ဥပဒေနှင့်အညီဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကို တရားမကြောင်းအရဖြစ်စေ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းမပြုရ။

၄၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရဖွဲ့စည်း တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီဝင်တစ်ဦးဦးက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သောကော်မတီဝင်များအား ဤဥပဒေအရ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်နေ့ရက်များအတွက် သတ်မှတ်သည့် စရိတ်နှင့်ချီးမြှင့်ငွေတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

၄၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၄၇။ အမျိုးသားခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးစီမံချက်များကို ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များသို့ဖြစ်စေ ရန်ပုံငွေအတွက်ဖြစ်စေ လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည် ဝင်ငွေခွန်ကို လှူဒါန်းထောက်ပံ့ထားသော ငွေပမာဏအတွက်သာ တည်ဆဲဝင်ငွေခွန် ဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရှိသည်။

၄၈။ အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကွန်ရက်များအား နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီမှုပြုနိုင်သည်။

၄၉။ ဘဝရပ်တည်ရန်ခက်ခဲသော ရောဂါပိုးရှိသူများအား စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာပံ့ပိုးမှုများနှင့် ဆေးကုသနိုင်ရေးအတွက် ခေတ္တတည်းခိုနေထိုင်ရေးကို နိုင်ငံတော်အစိုးရမှ တတ်နိုင်သမျှ ထောက်ပံ့ကူညီမှုပြုရမည်။

၅၀။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ရောဂါပိုးတားဆီးကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးစောင့်ရှောက်မှု အသိုက်အဝန်း၊ ပညာရေး အသိုက်အဝန်း၊ လူငယ် အသိုက်အဝန်း၊ လူမှုဖူလုံရေး အသိုက်အဝန်း၊ အကျဉ်းထောင်များ၊ အချုပ်ခန်းများသို့ ဆက်သွယ်ပေးပို့ရန် အဓိကတာဝန်ရှိသည်။

၅၁။ ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရောဂါပိုးတားဆီး ကာကွယ်ကုသရေးဆိုင်ရာ အသိပညာပေးခြင်းကို သင့်လျော်သည့် သင်ရိုးညွှန်းတမ်းများဖြင့် ကျောင်းပညာရပ် များတွင် ထည့်သွင်း သင်ကြားပေးရမည်။

၅၂။ ဝန်ကြီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရောဂါပိုးတားဆီး ကာကွယ်ကုသရေးဆိုင်ရာ သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

၅၃။ အတူနေမိသားစုများသည် ရောဂါပိုးတားဆီးကာကွယ်ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင် ဆောင်ရွက်ပြီး ရောဂါပိုးပျံ့ပွားမှုကို ကြိုတင်ကာကွယ်ရန်နှင့် အိမ်ထောင်မပြုမီ၊ ကလေးမမွေးမီ ရောဂါပိုးစစ်ဆေးခြင်းနှင့် ကိုယ်ဝန်ဆောင်စဉ် ရောဂါပိုးစစ်ဆေးခြင်းကို အားပေးရမည်။

၅၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် စွန့်ပစ်ခံရသည့် ရောဂါပိုးရှိသော ကလေးငယ်များနှင့် မှီခိုရာမဲ့သော သို့မဟုတ် အလုပ်မလုပ်နိုင်သော ရောဂါပိုးကူးစက်ခံထားရသူများကို ကုသမှုပေးရန်နှင့် ကျွေးမွေးပြုစုစောင့်ရှောက်ရန် တာဝန်ရှိသည်။

၅၅။ နိုင်ငံ့တာဝန်ထမ်းဆောင်နေစဉ် လုပ်ငန်းခွင်မတော်တဆမှုကြောင့် ရောဂါပိုးကူးစက်ခံရသူများအား ကုသပေးခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းကို နိုင်ငံတော်က ဆောင်ရွက်ပေးရမည့်အပြင် တည်ဆဲဥပဒေအရပေးအပ်သော အကျိုးခံစားခွင့်များကိုလည်း ရရှိစေရမည်။

၅၆။ ဝန်ကြီးဌာနသည် ရောဂါပိုးတားဆီးကာကွယ်ကုသရေး လုပ်ငန်းစဉ်များအတွက် သင့်လျော်သည့် ကုန်ကျစရိတ်များကို နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်